# CRMH

# မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားပြုကော်မတီ

ရက်စွဲ။ ။၂၀၂၁ ခုနှစ်၊ဖေဖော်ဝါရီလ(၂၅)ရက်။

## ကြေညာချက်အမှတ် - ၄/၂၀၂၁
## ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များဖွဲ့စည်းရန်ကိစ္စ

၁။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)သည် ၂၀၂၁ ခုနှစ်၊ဖေဖော်ဝါရီလ( ၂၂ ) ရက်နေ့ ရက်စွဲဖြင့် ကြားကာလပြည်သူ့အုပ်ချုပ်ရေးအစီအစဉ်ကို ထုတ်ပြန်အသိပေးခဲ့ပြီး ဖြစ်ပါသည်။ နိုင်ငံတော်၏အချုပ်အခြာအာဏာကို အဓမ္မနည်းဖြင့် သိမ်းယူထားသော စစ်အုပ်စု၏ ပြည်သူလူထုအပေါ် ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန်အတွက်လည်းကောင်း၊စစ်အုပ်စု၏ အထောက်အပံ့အကြံအစည်ဖြင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အား နှောက်ယှက်ဖျက်စီးလျက်ရှိသည် မသမာသူများ၏ရန်မှ ကာကွယ်ရန်အတွက်လည်းကောင်း ၊ ပြည်သူများ၏ အာဏာဖီဆန်ရေးလှုပ်ရှားမှုများကို အရှိန်မြင့် ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း ပြည်သူ့အုပ်ချုပ်ရေးအစီအစဉ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ကျေးရွာအုပ်စုအလိုက် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များကို **၂၀၂၁ ခုနှစ်၊ဖေဖော်ဝါရီလ (၂၈)ရက်နေ့ နောက်ဆုံးထား ဖွဲ့စည်းရမည်** ဖြစ်ပါသည်။

၂။ ထိုသို့ဖွဲ့စည်းရာတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၏ ထုတ်ပြန်ထားသော ကြားကာလပြည်သူ့အုပ်ချုပ်ရေးအစီအစဉ်ပါ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်သည်။ အဆင့်ဆင့်သော ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းရာတွင် CRPH မှ ထုတ်ပြန်သော လမ်းညွှန်ချက်များနှင့် မသွေဖယ်ပဲ စစ်အာဏာသိမ်းမှုကို အစဉ်တစိုက် ဆန့်ကျင်သော မိမိမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအကျိုးကို ကိုယ်ကျိုးစွန့်ဆောင်ရွက်နေသော၊ ဒေသလုံခြုံရေးအတွက် နည်းပညာကို ကောင်းစွာ အသုံးချနိုင်သော ပုဂ္ဂိုလ်များ ပါဝင်လာစေရန် စည်းရုံးဖွဲ့စည်းသွားရမည်ဖြစ်သည်။

၃။ ဥပဒေအရ တရားဝင်အစိုးရ လုံးဝမဖြစ်နိုင်သော အာဏာသိမ်းစစ်အုပ်စုက ခန့်အပ်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းမှန်သမျှ တရားဝင် ရပ်တည်လုပ်ပိုင်ခွင့် မရှိသဖြင့် ယင်းပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့၏ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန် မလိုအပ်ပါသောကြောင့် ပြည်သူ့ရေးရာကိစ္စရပ်များအား တာဝန်ခံ ဆောင်ရွက်ပေးမည့် မြို့ရွာအခြေပြုပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များသည်သာ ပြည်သူလူထု၏ ယုံကြည်ရာဖြစ်မည်ဖြစ်ပါသည်။ ယခုအခါ အချို့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် စစ်အုပ်စုက ခန့်အပ်လိုက်သော ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို ဆန့်ကျင်ကန့်ကွက်လျက် ပြည်သူလူထုကိုယ်စားပြုအဖွဲ့များ

ဖွဲ့စည်းထားရှိပြီးကြောင်း သိရှိရသည့်အတွက် ထိုဖွဲ့စည်းထားရှိပြီးသော အဖွဲ့များအနေဖြင့် ကြားကာလ ပြည်သူ့အုပ်ချုပ်ရေး အစီအစဉ်အတိုင်း ဆက်လက် ကျင့်သုံး လိုက်နာနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားကြရန် ဖြစ်ပါသည်။

၄။ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များအတွက် ဥပဒေရေးရာကိစ္စရပ်များဆောင်ရွက်နိုင်ရန် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားပြုကော်မတီ (CRMH) ၏ ဥပဒေရေးရာအထောက်အကူပြုအဖွဲ့များကို မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းပြီး ဆက်လက် ဖွဲ့စည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားပြုကော်မတီ**